## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာသံရုံး၊ ဘရာဇီးလျားမြို့

**အကြောင်းအရာ။ ကယ်ဆယ်ရေးလေယာဉ်စီးနင်းလိုသည့် မြန်မာနိုင်ငံသားများအတွက် အသိပေးအကြောင်းကြားခြင်း**

၁။ ဘရာဇီးလျားမြို့၊ မြန်မာသံရုံးအနေဖြင့် တောင်အမေရိကဒေသတွင်း နေထိုင်လျက်ရှိကြသော မြန်မာနိုင်ငံသားများ၊ တောင်အမေရိဒေသတွင်း သင်္ဘောအတက်အဆင်းပြုလုပ်သည့် မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ ကယ်ဆယ်ရေးလေယာဉ်ဖြင့် အဆင်ပြေချောမွေ့စွာ ပြန်နိုင်ရေးအတွက် ဆိုးလ်မြို့၊ မြန်မာသံရုံးနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ဆိုးလ်မြို့၊ မြန်မာသံရုံးက အပတ်စဉ် အင်္ဂါနေ့တိုင်း ကယ်ဆယ်ရေးလေယာဉ်ကို စီစဉ်ပေးလျက်ရှိပါသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်သည် အပတ်စဉ် အင်္ဂါနေ့ ၁၆၃၅ နာရီတွင် ဆိုးလ်မြို့မှထွက်ခွာပြီး ရန်ကုန်မြို့သို့ ဒေသစံတော်ချိန် ၂၀၀၅ နာရီခန့်တွင် ရောက်ရှိပါသည်။ အဆိုပါကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါလိုသော မြန်မာနိုင်ငံသားများ/မြန်မာသင်္ဘောသားများအနေဖြင့် မြန်မာသံရုံးသို့ အနည်းဆုံး(၁၄)ရက်ကြိုတင်၍ အီးမေးလ်ဖြင့် အကြောင်းကြားရမည်ဖြစ်ပြီး အီးမေးလ်တွင် အောက်ဖော်ပြပါအချက်အလက်များပါဝင်ရမည်ဖြစ်ပါသည်-

- (က) တောင်အမေရိကဒေသို့ရောက်ရှိသည့်ရက် (သို့မဟုတ်)ရောက်ရှိမည့်ရက်
- (ခ) ကယ်ဆယ်ရေးလေယာဉ်စီးနင်းလိုသည့်ရက်
- (ဂ) မိမိနေထိုင်ရာဒေသမှ ဆိုးလ်မြို့(အင်ချွန်းလေဆိပ်အထိ) လေယာဉ်အစီအစဉ်
- (ဃ) မြန်မာနိုင်ငံကူးလက်မှတ်မိတ္တူ
- (င) ဆက်သွယ်ရန်အီးမေးလ်နှင့် တယ်လီဖုန်းအမှတ်
- (စ) မြန်မာသင်္ဘောသားဖြစ်ပါက သင်္ဘောကုမ္ပဏီအမည်၊ အီးမေးလ်နှင် တယ်လီဖုန်းအမှတ်
- (ဆ) မြန်မာသင်္ဘောသားဖြစ်ပါက သင်္ဘောပေါ်မှဆင်းသည့်ရက်(သို့မဟုတ်) ဆင်းမည့်ရက်

၃။ မြန်မာသံရုံးအနေဖြင့် အထက်ဖော်ပြပါအချက်အလက်များပါဝင်သောအီးမေးလ်ရရှိပါက ကယ်ဆယ်ရေးလေယာဉ်တွင် လေယာဉ်ထိုင်ခုံနေရာရရှိရေးအတွက် ဆိုးလ်မြို့၊ မြန်မာသံရုံးနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ဆိုးလ်မြို့၊ မြန်မာသံရုံးကလည်း ကယ်ဆယ်ရေးလေယာဉ်တွင် လိုက်ပါခွင့်ရရှိသော ခရီးသည်စာရင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ၎င်း၏ Facebook Page တွင် ဖော်ပြပေးလျှက်ရှိပါသည်။ လိုက်ပါလိုသည့်ခရီးသည်ဦးရေများပြားနေပါက တန်းစီဇယားဖြင့် အလှည့်ကျဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ကယ်ဆယ်ရေးလေယာဉ်တွင် လိုက်ပါခွင့်ရရှိပါက ကယ်ဆယ်ရေးလေယာဉ်လက်မှတ်ကို အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း(ရန်ကုန်ရုံးချုပ်)(သို့မဟုတ်) အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (ဆိုးလ်မြို့) (သို့မဟုတ်) MAI Authorized Agent တွင် ဝယ်ယူရမည်ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် မိမိနေထိုင်ရာဒေသမှ ဆိုးလ်မြို့အထိ အဆက်အသွယ်လေယာဉ်လက်မှတ်များကို ဝယ်ယူရမည်ဖြစ်ပြီး အဆိုပါလေယာဉ်လက်မှတ်များကို မြန်မာသံရုံးသို့ အီးမေးလ်ဖြင့် ပေးပို့ပါက မြန်မာသံရုံးမှ ထောက်ခံစာထုတ်ပေးမည်ဖြစ်ပါသည်။

၅။ ကယ်ဆယ်ရေးလေယာဉ်ဖြင့် လိုက်ပါမည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိစီးနင်းမည့် လေကြောင်း (သို့မဟုတ်) ဖြတ်သန်းသွားမည့်လေဆိပ်ပေါ်မူတည်၍ ၇၂ နာရီ (သို့မဟုတ်) ၉၆ နာရီ သက်တမ်းရှိ ကိုဗစ်-၁၉ စစ်ဆေးချက်ထောက်ခံစာ (RT-PCR Test Negative with 72 hours or 96 hours validity) ထောက်ခံစာကို အစိုးရအသိအမှတ်ပြုဓါတ်ခွဲခန်းမှ ရယူသွားရန် လိုအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

၆။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဘရာဇီးလျားမြို့၊ မြန်မာသံရုံးမှ အောက်ဖော်ပြပါပုဂ္ဂိုလ်ထံအီးမေးလ်ဖြင့် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်-

ဦးသိန်းဝင်း
သံမှူး
မြန်မာသံရုံး၊ဘရာဇီးလျားမြို့
ဆက်သွယ်ရန်အီးမေးလ် - mebrasilia@gmail.com

**မြန်မာသံရုံး၊ ဘရာဇီးလျားမြို့**

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်